ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

**ညွှန်ကြားချက်အမှတ်၊ ၄၁ /၂၀၂၆**

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလဆန်း ၁၁ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန် လ ၂၅ ရက်)

**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းနှင့် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက်**

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းနှင့် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းများကို အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်နှင့် လုပ်ငန်းများစည်းကမ်းတကျ တည်ထောင်ဖွင့်လှစ်နိုင်ရန်အလို့ငှာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

၁။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း တစ်ရပ်ရပ်လုပ်ကိုင်လိုသူသည် ဆောင်ရွက်လိုသော လုပ်ငန်းနှင့်သက်ဆိုင်သည့်ပုံစံကို မြို့နယ်ကုသရေးဦးစီးဌာနမှူးရုံးမှ ရယူ၍ လုပ်ငန်းတည်ထောင်ဖွင့်လှစ်ရာမြို့နယ်ကြီးကြပ်ရေးကော်မတီသို့ လျှောက်ထားရမည်။

၂။ ဤညွှန်ကြားချက်ထုတ်ပြန်ခြင်းမပြုမီ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း လုပ်ကိုင်နေသူသည် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေနှင့်အညီ ၁၇-၂-၂၀၂၆ ရက်နေ့မှစ၍ ၆ လ ပြည့်မြောက်သောနေ့ရက်မတိုင်မီ လိုင်စင်လျှောက်ထားရမည်။

၃။ အပိုဒ် ၂ ပါသတ်မှတ်ချက်နှင့်အညီ လိုင်စင်လျှောက်ထားခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်သူမည်သူမဆို ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေ ပုဒ်မ ၃၁ အရ အရေးယူခံရမည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့

စာအမှတ်၊ ပုဂ္ဂလိက/ဗဟိုအဖွဲ့/၂၀၂၆/ ၂၄၄၄

ရက်စွဲ၊ ၂၀၂၆ခုနှစ်၊ ဇွန် လ ( ၂၅ ) ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဝင်များအားလုံး

ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

25. 6- 2026

ဒေါက်တာသီတာလှ

အတွင်းရေးမှူး

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့